“မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကဏ္ဍနှင့်
တိုင်းရင်းဆေးဝါးများပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက်
ဝိုင်းဝန်းဆောင်ရွက်ရန်”
(ထောက်ခံချက်)

လေးစားအပ်ပါသော သဘာပတိကြီးနှင့်တကွ သဘာပတိအဖွဲ့ဝင်များ။ ဧည့်သည် တော်များနှင့်(၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးညီလာခံ ကိုယ်စားလှယ်တော်ကြီးများ စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်း၊ သုခ အဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် ရှေးဦးစွာ နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ် ခင်ဗျာ/ရှင့်။

ကျွန်တော်/ကျွန်မကတော့ -------------------ပြည်နယ်/ တိုင်းဒေသကြီးက မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကိုယ်စားလှယ် ဦး/ဒေါ် -------------------ဖြစ်ပါတယ်။

ကျွန်တော်/ကျွန်မအနေနဲ့ **“မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကဏ္ဍနှင့် တိုင်းရင်းဆေးဝါးများပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်ရန်”** အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

**လေးစားအပ်ပါသောသဘာပတိကြီးနှင့် ညီလာခံ ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျာ/ရှင့်**

အဆိုရှင် -------------------- ပြည်နယ်/တိုင်းဒေသကြီးက ညီလာခံ ကိုယ်စားလှယ် ဦး/ဒေါ်------------------- တင်ပြသွားသလိုပဲ ပြည်တွင်းရှိ တိုင်းရင်းဆေးဝါးများကို စနစ်တကျထုတ်လုပ်ရောင်းချစေနိုင်ရန် ၁၉၉၆

ခုနှစ်တွင် တိုင်းရင်းဆေးဝါးဥပဒေကို ပြဋ္ဌာန်းကာ ၎င်းဥပဒေကို အခြေခံ၍ အမိန့်ကြော်ငြာစာများဖြင့် လိုက်နာဆောင်ရွက်စေပါတယ်။ ဤဥပဒေပြဋ္ဌာန်းခြင်းကြောင့် မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်မှုကဏ္ဍ တစ်နေ့ တစ်ခြား ဖွံ့ဖြိုးတိုးတက်လာတာကို တွေ့မြင်နေရပြီဖြစ်ပါတယ်။

အရည်အသွေးနိမ့်ကျသောဆေးဝါးများဟာ ကျန်းမာရေးအတွက် ဘေးဥပဒ် အန္တရာယ် တစ်ခုဖြစ်ရုံသာမက နိုင်ငံတော်နှင့် ဝယ်ယူသုံးစွဲကြသူတစ်ဦး တစ်ယောက်စီတိုင်းအတွက်လည်း ငွေကြေးအလဟဿဖြစ်စေပါတယ်။ ဖော်စပ်ထုတ်လုပ်မှု အရည်အသွေး နိမ့်ကျသော ဆေးဝါးတစ်ခုမှာ အဆိပ်အတောက် ဖြစ်စေနိုင်သောပစ္စည်းများ မရည်ရွယ်ဘဲ ရောနှောပါရှိနိုင်ပါတယ်။ ဒ့ါအပြင် ညွှန်းဆိုဖော်ပြထားသော ပါဝင်ပစ္စည်းများ၏ အချိုးအစားမမှန်ကန်ခြင်း၊ ဆေးပစ္စည်းမှန်ကန်မှုမရှိခြင်းတို့ကလည်း ရောဂါကို ပျောက်ကင်း သက်သာ စေနိုင်မည့် အာနိသင်ပျက်ပြားစေနိုင်မှာ ဖြစ်ပါတယ်။

ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP) ဟာတိုင်းရင်းဆေးဝါးများ ထုတ်လုပ် ရောင်းချမှုအတွက် အလွန်အရေးကြီးသော အခန်းကဏ္ဍကနေ ပါဝင် လာခြင်းဖြစ်ပါတယ်။

ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP) ဆိုသည်မှာ **"သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ဆေးဝါးများ၏ အရည်အသွေးကို တသတ်မတ်တည်း၊ ပြောင်းလဲမှုမရှိစေရန် ထိန်းချုပ်ထားသော ထုတ်လုပ်မှု နည်းစနစ်တစ်ခု"** ဖြစ်ပါတယ်။

အများစုသောနိုင်ငံများဟာ နိုင်ငံတကာအသိအမှတ်ပြုGMP ထောက်ခံချက်လက်မှတ် ရရှိပြီး ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ ထုတ်လုပ်သောဆေးများကိုသာ ပြည်ပသို့ တင်ပို့ရောင်းချခြင်းကို ခွင့်ပြုလက်ခံကြပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်တွင် နိုင်ငံခြားပို့ကုန်များဖြင့် နိုင်ငံခြားဝင်ငွေ များပြားလာစေရေးအတွက် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ ထုတ်လုပ်သည့် တိုင်းရင်းဆေးဝါးများ ပိုမိုတိုးတက်များပြားလာစေရန် သက်ဆိုင်ရာတိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊ ဦးစီးဌာန၊ နှီးနွှယ်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများတို့ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါတယ်။ ဦးစီးဌာနမှလည်း ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ချမှတ်ပေးခြင်း၊ လုပ်ငန်းရှင်များကိုလည်း ကောင်းမွန်သော ထုတ်လုပ်မှုနှင့်ပတ်သက်သော အသိပညာများကို ဖြန့်ဝေပေးခြင်း ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လုပ်ငန်းရှင်များကလည်း ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း အဆိုရှင်၏တင်ပြဆွေးနွေးချက်ကို ထောက်ခံတင်ပြအပ်ပါတယ်။

တိုင်းရင်းဆေးဝါး ထုတ်လုပ်သူများအနေနှင့်လည်း မိမိတို့ရဲ့ ဆေးဝါးများ၏ ထုတ်လုပ်မှုလုပ်ငန်းစဉ်မှာ ဖြစ်ပေါ်လာနိုင်ခြေရှိတဲ့ မလိုလားအပ်သော ညစ်ညမ်းမှု အန္တရာယ်များကိုကုန်ကြမ်းမှစ၍ ဈေးကွက်အတွင်းသို့ရောက်ရှိသည့် ကုန်ချောဖြစ်သည် အထိ ဂရုပြုဆောင်ရွက်သင့်ပါတယ်။ ဖြစ်ပွားနိုင်လေ့ရှိတဲ့ ပြဿနာတွေကတော့ အမှတ် မထင်မမျှော်လင့်ထားဘဲ ကုန်ချော/ကုန်ကြမ်းများ တစ်ခုနှင့်တစ်ခု ရောနှောသွားခြင်း၊ ကုန်ပစ္စည်းများ ညစ်ပေသွားခြင်း၊ အညွှန်းတံဆိပ်မှားယွင်းခြင်း၊ အရောအနှောများပါဝင် နေခြင်း အစရှိသည်တို့ဖြစ်ကြ

ပြီးတော့ ၎င်းတို့ဟာ ဆေးအာနိသင်ယုတ်လျော့မှုဖြစ်စေခြင်းမှအစ ဆေးဝါး သုံးစွဲသူတို့၏ အသက်အန္တရာယ်ထိခိုက်စေသည်အထိ ဖြစ်စေနိုင်ပါတယ်။

ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်လုပ်ငန်းဆောင်တာများကို သတ်မှတ်ထားသည့် စည်းကမ်းများအတိုင်း တိကျစွာဖြင့် ထုတ်လုပ်မှုအဆင့်တိုင်းမှာ မှတ်တမ်းမှတ်ရာများထားရှိပြီး လိုက်နာရန်အခြေခံအချက်များကို အမှားအယွင်းမဖြစ်စေရန် စာဖြင့်အသေးစိတ် တိကျသေချာစွာ ရှင်းလင်း ဖော်ပြထားရပါမယ်။ ထုတ်လုပ်ရေးလုပ်ငန်း ကြီးကြပ်သူ၊ ထုတ်လုပ်ရေးဆောင်ရွက်သူ၊ ပြန်လည်အတည်ပြု စစ်ဆေးသူများကလည်း သက်ဆိုင်ရာ လုပ်ငန်းအလိုက် တတ်ကျွမ်းနားလည်သူများဖြစ်စေရန် ထုတ်လုပ်သူများအနေဖြင့် စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။

**လေးစားအပ်ပါသော သဘာပတိကြီးနှင့် ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျား/ ရှင့်**

WHO မှလည်း GMP ၏ အသေးစိတ် လမ်းညွှန်ချက်များကို ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ India, China, Thailand, Malaysia, Indonesia, Singapore စတဲ့ နိုင်ငံ အသီးသီးဟာ WHO မှထုတ်ပြန်ထားသော GMP guideline များကိုအခြေခံ၍ မိမိတို့နိုင်ငံ အတွင်းရှိ ဆေးဝါးထုတ်လုပ်မှုများကို သက်ဆိုင်ရာဦးစီးဌာနများမှ စည်းကမ်းသတ်မှတ် ချက်များချမှတ်ကာ ဆေးဝါးထုတ်လုပ်သူများကို စနစ်တကျလိုက်နာဆောင်ရွက်စေပါတယ်။ ကျွန်တော်/ ကျွန်မတို့နိုင်ငံမှာလည်း ဒီလိုလုပ်သင့်ပါတယ်။ ဒ့်ါအပြင် WHO မှလည်းအနောက်

ပစိဖိတ်ဒေသ တိုင်းရင်းဆေးအတွက် ဒေသအလိုက် ဆောင်ရွက်ရန် နည်းဗျူဟာများ ၂၀၁၁-၂၀၂၀ ကိုထုတ်ပြန်ခဲ့ရာမှာ -

- အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုစနစ်တွင် တိုင်းရင်းဆေးကဏ္ဍ ပါဝင်စေရန်၊
- တိုင်းရင်းဆေးဝါးများ၏ ဘေးကင်းစိတ်ချရမှုနှင့် ထိရောက်သော အသုံးချမှုကို မြှင့်တင်ရန်၊
- ဘေးကင်းစိတ်ချရပြီး အာနိသင်ထက်မြက်သော တိုင်းရင်းဆေးဝါးများ ရရှိမှု ပိုမို များပြားလာစေရန်၊
- တိုင်းရင်းဆေးပင်/တိုင်းရင်းဆေးပစ္စည်းများ၏ သဘာဝအရင်းအမြစ်များ အသုံးချ မှုကို ထိန်းသိမ်းခြင်းနှင့် ကာကွယ်စောင့်ရှောက်မှုကို မြှင့်တင်ရန်၊
- တိုင်းရင်းဆေးဆိုင်ရာ ဗဟုသုတများနှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများ ထုတ်ဖော်ခြင်းနှင့် ဝေမျှခြင်းများ၌ ပူးပေါင်းဆောင်ရွက်မှုကို အင်အားကောင်းလာ စေရန်တို့ဖြစ်ကြပါတယ်။

မြန်မာပြည်သူ အများယုံကြည်ကြသော တိုင်းရင်းဆေးဝါးများမှာ သဘာဝပစ္စည်းများကို အခြေခံသောကြောင့် ဘေးထွက်ဆိုးကျိုးနည်းကြောင်း ယုံကြည်ကြပါတယ်။ ထိုယုံကြည်မှုအား အမြဲရှင်သန်ကြီးထွား တည်မြဲနေအောင် စွမ်းဆောင်ရမည့် အနီးကပ်ဆုံးဖြစ်သော ပုဂ္ဂိုလ်များမှာ ပြည်တွင်းရှိ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများပင်ဖြစ်ပါတယ်။

တိုင်းရင်းဆေးပညာဦးစီးဌာနအပါအဝင် တိုင်းရင်းဆေးဝါးများအား ကြီးကြပ် ကွပ်ကဲသည့် အဖွဲ့အစည်းများမှလည်း ကိုယ်ကျိုးမဖက် အများအကျိုး

အတွက် ဦးစားပေးကာ တိုင်းရင်းဆေးဝါးသုံးစွဲသူပြည်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းမှုအား ထာဝစဉ် ရှေ့ရှု ကြရမှာဖြစ်ပါတယ်။ ဤနေရာတွင် တိုင်းရင်းဆေးဝါး ထုတ်လုပ်မှုကဏ္ဍအပေါ် တိုင်းရင်းဆေးပညာဦးစီးဌာန၏ ဦးဆောင်ထိန်းကျောင်းမှုသည် အဓိကအရေးကြီး ပါသည်။ တိုင်းရင်းဆေးဝါးထုတ်လုပ်မှုနယ်ပယ်အားလုံးကလည်း ဝိုင်းဝန်းလိုက်နာရမှာ ဖြစ်ပါတယ်။

အိမ်တွင်းမှုလုပ်ငန်းအပါအဝင် တစ်နိုင်တစ်ပိုင် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းများမှလည်း စနစ်တကျသန့်ရှင်းစွာ မှတ်တမ်းမှတ်ရာများနှင့် ပြုလုပ်ဆောင်ရွက် ကြမည်ဆိုပါက နောင်တစ်ချိန်တွင် GMP သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ပါတယ်။ GMP စံနစ်နှင့်အညီ ထုတ်လုပ် နိုင်ရန်အတွက် ဆောင်ရွက်ရာမှာ ကောင်းစေချင်တဲ့စေတနာနဲ့ လုပ်ဆောင်ရမည့် အလေ့အကျင့်သာဖြစ်ပါတယ်။ ကြောက်စရာမဟုတ်ပါဘူး။ လုပ်နေတဲ့ပုံစံအတိုင်းကို စနစ်တကျ မှတ်တမ်းမှတ်ရာနဲ့ ဆောင်ရွက်ခြင်းသာဖြစ်ပါတယ်။ လုပ်ကြည့်ပါ။ တိုင်းရင်းဆေးဝါး အပေါ်မှာ သုံးစွဲသူတွေရဲ့တုံ့ပြန်မှုတွေ ကောင်းလာတာကို မျက်ဝါးထင်ထင် တွေ့ရှိရမှာ ဖြစ်ပါတယ်။

တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့်လည်း ထုတ်လုပ်သူတိုင်း၏ လက်ဝယ်သို့ လုပ်ဆောင်ရမည့် အခြေခံအချက်အလက်များအား booklet/ Guideline ထုတ်လုပ်မှုကျင့်စဉ် လက်စွဲစာအုပ်တွေပြုစုပြီး ဖြန့်ဝေပေးသင့်ပါတယ်။ GMP ရရှိပြီးသောတိုင်းရင်း ဆေးဝါးထုတ်လုပ်ရေးများနှင့် အခြားသော တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းကြီး များမှလည်း တနိုင်တပိုင်

တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းငယ်များ တတ်နိုင်သမျှ အတွေ့အကြုံနဲ့ နည်းပညာတွေကို ကူညီပေးရန်အဆိုကိုလည်း လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။

တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရာတွင် တစ်နိုင်တစ်ပိုင် လုပ်ငန်းအပါအဝင် လုပ်ငန်းတိုင်းမှ စနစ်တကျမှတ်တမ်းမှတ်ရာထားခြင်း၊ အရည်အသွေးထိန်းခြင်းများအား တသမတ်တည်းဆောင်ရွက်ပါက ဝန်ထမ်းများအား စနစ်တကျထိန်းချုပ်နိုင်မည့်အပြင် အရည်အသွေးကို ထိန်းထားနိုင်မည်ဖြစ်ပြီး ထုတ်လုပ်သူအနေဖြင့်လည်း ကောင်းကျိုးများစွာ ရရှိနိုင်မှာဖြစ်ပါတယ်။ ဒီလို ကောင်းကျိုးတွေရနိုင်ဖို့ ဦးစီးဌာနမှလည်း ပညာရပ် ဖြန့်ဝေအသိပေးခြင်း၊ သက်ဆိုင်ရာသင်တန်းများကို လိုအပ်သလို အကြိမ်ကြိမ်ပို့ချပေးခြင်း ဆိုသော အဆိုကို လှိုက်လှိုက်လှဲလှဲ ထောက်ခံအပ်ပါတယ်။

တိုင်းရင်းဆေးဝါးများထုတ်လုပ်ရာမှာ ကုန်ကြမ်းဝယ်ယူခြင်းမှစတင်၍ ကုန်ကြမ်းအမျိုးအစား မှန်ကန်မှုရှိ/မရှိကို အရောင်အနံ့အရသာများဖြင့် အခြေခံအားဖြင့် စစ်ဆေးပြီး အလေးချိန်အား မှတ်သားထားသင့်ပါတယ်။ ကုန်ကြမ်း၏ သဘောသဘာဝအလိုက် သန့်စင်မှုနည်းလမ်းများကို ပြုလုပ်သင့်ပြီး အလျော့တွက် အလေးချိန်များအားလည်း မှတ်သားထားသင့်ပါတယ်။ ဤကဲ့သို့ ဆောင်ရွက်ချက်များကို ထုတ်လုပ်ရေးလုပ်ငန်းများက လိုက်နာဆောင်ရွက်ပြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှလည်း တိုင်းရင်းဆေးဝါး ထုတ်လုပ်မှု လုပ်ငန်းများအတွက် GMP, QC, Stability and Shelf-life Study စသော

ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ နည်းပညာမျိုးစုံကို ဆက်လက်ပြီး ပညာပေး လမ်းညွှန်ပေး သွားဖို့ကို ထောက်ခံအပ်ပါတယ်ခင်ဗျား/ရှင့်။

**လေးစားအပ်ပါသော သဘာပတိကြီးနှင့် ညီလာခံကိုယ်စားလှယ် တော်ကြီးများ ခင်ဗျား/ ရှင့်**

**နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ -**

ကျန်းမာရေးစောင့်ရှောက်မှုများပေးရာတွင် ပြည်သူလူထုအတွက် အန္တရာယ်ကင်းပြီး အာနိသင်ရှိသည့် တိုင်းရင်းဆေးဝါးများပေါ်ထွက်လာနိုင်ဖို့ဟာ အလွန်အရေးကြီးပါတယ်။

ဒီလိုထွက်ပေါ်လာနိုင်စေဖို့ ပြည်တွင်းရှိတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းများ ဟာချမှတ်ထားသော သတ်မှတ်ချက်များနှင့်အညီ ပူးပေါင်း ဆောင်ရွက်ပေးဖို့ အလွန် အရေးကြီးပါတယ်။

အဆိုရှင်က မည်သည့်ထုတ်လုပ်ရေးကဏ္ဍတွင်မဆို ဘက်စုံဖွံ့ဖြိုး တိုးတက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု ဓနအင်အားသည်လည်း အလွန်အရေး ပါသော နေရာတွင်ရှိနေပါကြောင်း၊ မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး များ၏ ငွေကြေးရင်းနှီးမြှုပ်နှံမှုကဏ္ဍများအတွက် နိုင်ငံတော်နှင့် ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာနက ပိုမိုကောင်းမွန် ထိရောက်သော ကူညီပံ့ပိုးမှုများ စီစဉ်ဆောင်ရွက်ပေးသင့်ကြောင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ နှီးနွှယ်ဝန်ကြီးဌာနများအားပေး ဝိုင်းဝန်း ဆောင်ရွက်ရန်တို့အား အဆိုပြုခဲ့ပါတယ်။ ၎င်းအဆိုများဟာ အမှန်တကယ် လိုအပ်သည့်အတွက် လေးလေးနက်နက် ထောက်ခံပါတယ်။

သို့ဖြစ်ပါ၍ “မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးကဏ္ဍနှင့် တိုင်းရင်းဆေးဝါးများ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဝိုင်းဝန်း ဆောင်ရွက်ရန်”ဆိုတဲ့ အဆိုပြုတင်ပြချက်ဟာ မြန်မာနိုင်ငံရှိပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက်သာမက တိုင်းရင်းဆေးဝါးတွေကို ပြည်ပ ပို့ကုန်အဖြစ်ပါ တင်ပို့ရောင်းချနိုင်ရန်တွက် အလွန်အရေးကြီးသော အဆိုပြုချက် တစ်ခုဖြစ်ကြောင်း လေးနက်စွာဖြင့်ထောက်ခံတင်ပြအပ်ပါတယ်။

DTM